ကန့်သတ်

# ပြည်ထဲရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံရဲတပ်ဖွဲ့

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

**မူးယစ်ဆေးဝါးအမှုများမှ ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ ကျူးလွန်မှုနည်းပုံစံ အစီရင်ခံစာ (Typology Report)**

**(၂၀၂၂ ခုနှစ်)**

မူးယစ်ဆေးဝါးအမှုများမှ ငွေကြေးခဝါချမှုနှင့် စပ်လျဉ်း၍ ကျူးလွန်မှုနည်းပုံစံ အစီရင်ခံစာ

(Typology Report) မာတိကာ

ကန့်သတ်

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | ၃ |
| ၂ | ရည်ရွယ်ချက် | ၃ | ၃ |
| ၃ | ၂၀၂၁ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူနိုင်ရေး အမှုတွဲလွှဲပြောင်းပေးမှု | ၃ | ၆ |
| ၄ | မူးယစ်ဆေးဝါးအမှုများနှင့်ပတ်သက်၍ အရေးယူမှုများနှင့် ယင်းအမှုများတွင် အသုံးပြုသည့်နည်းလမ်းများ | ၆ | ၂၇ |
| ၅ | လေ့လာတွေ့ရှိချက် | ၂၇ | ၂၈ |
| ၆ | သုံးသပ်တင်ပြချက် | ၂၈ | ၂၉ |
| ၇ | နိဂုံး | ၂၉ | ၃၀ |

## မူးယစ်ဆေးဝါးအမှုများမှ ငွေကြေးခဝါချမှုနှင့် စပ်လျဉ်း၍ ကျူးလွန်မှုနည်းပုံစံ အစီရင်ခံစာ (Typology Report)

**နိဒါန်း**

၁။ ယနေ့ ကမ္ဘာအဝှမ်းတွင် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများကြောင့် နိုင်ငံအသီးသီးတို့တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် အေးချမ်းတည်ငြိမ်မှု စသည့် အခြေခံအုတ်မြစ်တို့အပြင် အသက်ရှင်ရပ်တည်နိုင်ရေးတို့ကိုပါ ထိခိုက်ပျက်စီးစေပါသည်။

၂။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုမှ ရရှိလာသည့် အကျိုးအမြတ်နှင့် ငွေကြေးတို့သည် အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှု၊ လက်နက်မှောင်ခိုမှု၊ ပင်လယ်ဓားပြမှု၊ လူကုန်ကူးမှု၊ တရားမဝင်သစ်ရောင်းဝယ်မှု၊ ကုန်ပစ္စည်းအတုပြုလုပ်မှု၊ ငွေကြေးခဝါချမှု၊ အကျင့်ပျက်ခြစားမှုစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများအား ဖြစ်ပေါ်စေပါသည်။

၃။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို လျှော့ချနိုင်ရန်အတွက် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗန်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ကွန်ဗန်းရှင်း၊ ၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗန်းရှင်းတို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုး၍ မူးယစ်ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာမျက်နှာစာ၌ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဥပဒေအား ပြစ်မှုပြစ်ဒဏ်များ ညီမျှစေရန်နှင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် ပြင်ဆင်ရေးဆွဲပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအား ပြင်ဆင်သည့် ဥပဒေသစ်တစ်ရပ် ထုတ်ပြန်နိုင်ခဲ့ပါသည်။ ပြင်ဆင်သည့် ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နည်းဥပဒေပြင်ဆင်ရေးများအား ဆက်လက်ဆောင်ရွက်ခဲ့ရာ မကြာမီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၅။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ မြန်မာ၊ တရုတ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် နိုင်ငံများပါဝင်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့်အစည်းအဝေးအား ကျင်းပခဲ့ပြီး ရွှေတြိဂံဒေသအတွင်းသို့ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ပရီကာဆာဓာတုပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးနှင့် ရွှေတြိဂံဒေသမှ

မူးယစ်ဆေးဝါးများ အခြားဒေသများသို့ ပြန့်နှံ့မှုမရှိစေရေးအား မဲခေါင် MoU ၆ နိုင်ငံတို့ဖြင့် ပူးပေါင်း၍ အထူးစစ်ဆင်ရေးများအား နှစ်စဉ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၆။ ထိန်းချုပ်ထားသည့် မူးယစ်ဆေးဝါးအမျိုးအစား ၁၃၂ မျိုး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး ၁၂၆ မျိုး၊ ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးတို့ကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားရှိခဲ့ပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က တားဆီးနှိမ်နင်းရေးအား ဥပဒေနှင့်အညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် ၄ ရပ်တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို တတိယရည်မှန်းချက်အဖြစ် ချမှတ်ထားသဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တားဆီးနှိမ်နင်းရေးလုပ်ငန်းတာဝန်ကို အထူးပြုဆောင်ရွက်လျက်ရှိပြီး တိုးတက်ပြောင်းလဲလာသောခေတ်နှင့်အညီ နိုင်ငံတကာစံနှုန်းများနှင့် လိုက်လျောညီထွေသည့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဖြစ်လာစေရန် ဖွဲ့စည်းပုံအင်အား ပြည့်မီရေးအတွက် တပ်ဖွဲ့ခွဲ ၁၀ ခွဲ၊ တပ်ဖွဲ့စု ၆၅ စုအပြင် နည်းပညာအထောက်အကူနှင့် တပ်ဖွဲ့ဝင်များ၏စွမ်းရည်အသုံးချမှုအပြင် X-Ray စက်တပ်ဖွဲ့ခွဲ တစ်ခုနှင့် X-Ray စက်တပ်ဖွဲ့စု ၆ ခုတို့ကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

၈။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် ကွင်းဆက်အဆင့်ဆင့်အား အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိသည့်အပြင် တရားခံများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ခြင်းမှ ရရှိသည့် အကျိုးအမြတ်များအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သည့် တရားခံများအနေဖြင့် ငွေကြေးခဝါချမှု ကျူးလွန်ဖွယ်တွေ့ရှိပါက ၎င်းတို့၏ ငွေကြေးစီးဆင်းမှု၊ ဘဏ်နှင့်ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ရာမှ ရရှိထားသည်ဟု သံသယဖြစ်ဖွယ်ရှိသည့် ငွေကြေးများကို ဗဟိုဘဏ်သို့ တင်ပြ၍ အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ပိုင်ဆိုင်ထားသည့် ငွေကြေး၊ အဖိုးတန်ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ/မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ယာယီချိပ်ပိတ်ထိန်းသိမ်းပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရအရေးယူနိုင်ရန် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲလွှဲပြောင်းအရေးယူဆောင်ရွက်လျက်ရှိပါသည်။

၉။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင် (CND)၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်နားလည်မှုစာချွန်လွှာ

အဖွဲ့ဝင်နိုင်ငံများ(MEKONG MoU)၊ ဘေးကင်းလုံခြုံသောမဲခေါင်ပူးပေါင်းဆောင်ရွက်ရေးစင်တာ(SMCC)၊ လန်ချန်း-မဲခေါင်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန(LMLECC)၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများ(BIMSTEC)၊ အာရှ-ပစိဖိတ်ဒေသရှိနိုင်ငံများ၊ မြန်မာ-ထိုင်း-အင်ဒိုနီးရှား-မလေးရှား လေးပွင့်ဆိုင်လုပ်ငန်းအဖွဲ့ အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် ဒေသအပြင်ဘက်ရှိနိုင်ငံများ၊ တားဆီးနှိမ်နင်းရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါ အဖွဲ့အစည်းများ၊ နိုင်ငံများနှင့်ပြုလုပ်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာညီလာခံများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## ရည်ရွယ်ချက်

၁၀။ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူ/ကွန်ရက်/ဂိုဏ်းအဖွဲ့များသည် မူးယစ်ဆေးဝါးပြစ်မှုများ ကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များအား သိမ်းဆည်းမခံရစေရေးအတွက် ငွေကြေးခဝါချရာတွင် နည်းလမ်းမျိုးစုံ အသုံးပြုကျူးလွန်လေ့ရှိသည့် နည်းပုံစံများအား သိရှိစေရန်။

## ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူနိုင်ရေး အမှုတွဲလွှဲပြောင်းပေးမှု

၁၁။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုဖြစ်စဉ်များနှင့် သယ်ဆောင်ရာလမ်းကြောင်းများကိုသုံးသပ်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများနှင့် သတင်းရယူပိတ်ဆို့ဖမ်းဆီးရေးများ ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ်တွင် အမှုပေါင်း ၆၉၉၀ မှု၊ တရားခံပေါင်း ၁၀၀၆၃ ဦးတို့အား ဘိန်း ၂.၆ တန်ကျော်၊ ဘိန်းဖြူ ၂.၅ တန်ကျော်၊ စိတ်ကြွဆေးပြား ၁၉၈ သန်းကျော်၊ အိုက်စ် ၁၃ တန်ကျော်၊ ကဖင်း ၉.၃ တန်ကျော် အပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသော ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၇၀ ဘီလီယံကျော် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့်ဖြစ်စဉ်များတွင် ငွေကြေး ဆိုင်ရာစုံစမ်းထောက်လှမ်းခြင်းများကိုလည်း တစ်ပြိုင်တည်းပြုလုပ်ပြီး တရားခံများနှင့် ကွင်းဆက် တရားခံများ၏ ပိုင်ဆိုင်မှုများအား စိစစ်၍ ငွေကြေးခဝါချမှုဥပဒေဖြင့် အရေးယူနိုင်ရန် ငွေကြေး ဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အောက်ပါအတိုင်း လွှဲပြောင်းပေးခဲ့ပါသည်-

<table>
<tr><th rowspan="2">ပြစ်မှု</th><th rowspan="2">ကာလ</th><th colspan="3">စုံစမ်းစစ်ဆေးခြင်း</th></tr>
<tr><th>အမှုအရေအတွက်</th><th>ပိုင်ဆိုင်မှုစစ်ဆေးနိုင်သည့်အမှု</th><th>ငွေကြေးခဝါချမှုနှင့် အရေးယူရန်</th></tr>
</table>

| | | | | လွှဲပြောင်းမှု |
|---|---|---|---|---|
| မူးယစ်အမှု | ဇန်နဝါရီလ | ၄၂၄ မှု | ၁၃ မှု | ၂ မှု |
| | ဖေဖော်ဝါရီလ | ၁၇၂ မှု | ၁၄ မှု | - |
| | မတ်လ | ၂၀၂ မှု | ၉ မှု | ၆ မှု |
| | ဧပြီလ | ၂၂၅ မှု | ၂ မှု | ၁ မှု |
| | မေလ | ၂၈၄ မှု | ၁၃ မှု | - |
| | ဇွန်လ | ၂၃၂ မှု | ၈ မှု | - |
| | ဇူလိုင်လ | ၁၇၉ မှု | ၂ မှု | ၅ မှု |
| | ဩဂုတ်လ | ၂၂၆ မှု | ၁ မှု | ၄ မှု |
| | စက်တင်ဘာလ | ၂၆၆ မှု | ၂၀ မှု | ၂ မှု |
| | အောက်တိုဘာလ | ၃၁၁ မှု | ၁၇ မှု | ၄ မှု |
| | နိုဝင်ဘာလ | ၂၆၅ မှု | ၁၁ မှု | ၃ မှု |
| | ဒီဇင်ဘာလ | ၂၉၉ မှု | - | ၂ မှု |
| စုစုပေါင်း | | ၃၀၈၅ မှု | ၁၁၀ မှု | ၂၉ မှု |



၂၀၂၁ ခုနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါး အမှုများအနက် ပိုင်ဆိုင်မှုစစ်ဆေးနိုင်သည့်အမှုများနှင့် ငွေကြေးခဝါချမှုနှင့် အရေးယူရန် လွှဲပြောင်းသည့်အမှု လအလိုက်နှိုင်းယှဉ်ချက်




၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိသည့် ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးပြား၊ အိုက်စ်(Crystal Meth)နှင့် ကက်တမင်း ဖမ်းဆီးရမိမှု နှိုင်းယှဉ်ချက်



**မှုခင်းဖြစ်စဉ်(၁)။ လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း မယ(ပ)၉၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁**

၁၂။ ၂၇-၁၁-၂၀၂၀ ရက်နေ့ ၁၂၃၀ အချိန် မန်း-ကမ္ဘောဇ-၂ အထူးစစ်ဆင်ရေးစီမံချက်အရ အမှတ်(၂၀)မူးယစ်တပ်ဖွဲ့စု၊လှိုင်ကော်မှ Pol. Capt. A ဦးစီးအဖွဲ့သည် ဒီးမော့ဆိုမြို့နယ်၊ ယပ်ခူကျေးရွာ အနီးတွင် ကြိုတင်သတင်းရရှိထားသော မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ရှေ့ပြေးယာဉ် ဖြစ်သည့် Mr.A မောင်းနှင်ပြီး Mr.B နှင့် Mr.C တို့ လိုက်ပါလာသည့် Mark-II ယာဉ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းယာဉ်အား အသွင်ယူ၍ မူးယစ်ဆေးဝါးများ သိုဝှက်သယ်ဆောင်ထားသည့် CANTER ယာဉ်အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၂၈-၁၁-၂၀၂၀ ရက်နေ့ ၁၄၀၀ အချိန်တွင် အမှတ်(၄၀) မူးယစ်တပ်ဖွဲ့စု ရန်ကုန်(မြောက်ပိုင်း)မှ Pol. Maj. B ဦးစီးအဖွဲ့သည် ရန်ကုန်-နေပြည်တော်အမြန်လမ်း၊ ရန်ကုန်မြို့အဝင် (0)မိုင်လမ်းဆုံ၌ Mr.D မောင်းနှင်လာသည့် CANTER ယာဉ်၏ ကြမ်းခင်းအံ့ဝှက် အတွင်းမှ စိတ်ကြွဆေးပြား ၄၆၆၀၀၀၀ ပြား သိမ်းဆည်းရမိခဲ့ပါသည်။

၁၃။ ကွင်းဆက်စစ်ဆေးချက်အရ ၁၆၃၀ အချိန် အမှတ်(၄၀)မူးယစ်တပ်ဖွဲ့စု၊ ရန်ကုန်(မြောက်ပိုင်း )မှ Pol. Capt. C ဦးစီးအဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မွေးမြူရေးဇုန်၊ ရွှေရင်အေးကျောင်း၊ (၃)လမ်းပေါ်တွင် စိတ်ကြွဆေးပြားများ လက်ခံရယူမည့် Mr.E အား PAJERO ယာဉ်ဖြင့် လည်းကောင်း၊ စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများ လက်ခံပြီးပါက ဆက်သွယ်ရမည့် Mr.F အား အင်းစိန်မြို့နယ်၊ မြို့သစ်(၈)ရပ်ကွက်၊ လာဘ်မိုးဆွေ(၁)လမ်း၊ အိမ်အမှတ်(၃၆)၌ လည်းကောင်း၊ ၁၈၀၀ အချိန် စိတ်ကြွဆေးပြားများ လာရောက်ယူဆောင်မည့် Mr.G နှင့် Mr.H တို့ ၂ ဦးအား လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ မွေးမြူရေးဇုန်၊ ရွှေရင်အေးကျောင်း၊ (၃)လမ်းပေါ်တွင် HILUX SURF ယာဉ်ဖြင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပါသည်။

၁၄။ ဖမ်းဆီးရမိ တရားခံများအား Pol. Maj. B မှ တရားလိုပြုလုပ်တိုင်တန်းရာ ၂၈-၁၁-၂၀၂၀ ရက်နေ့ ၂၃၅၅ အချိန် လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း မယ(ပ)၉၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူထားရှိခဲ့ပါသည်။

၁၅။ စိတ်ကြွဆေးပြား ၄၆၆၀၀၀၀ ပြား သိမ်းဆည်းရမိမှုမှ ကွင်းဆက်တရားခံ Ms.I သည် တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ(၁၀)၊ အိမ်အမှတ်(ည/၁၂)တွင် နေထိုင်ကြောင်း သိရသဖြင့် ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်လျက်ရှိပြီး အဆိုပါနေအိမ်မှ Mark-X ယာဉ်တစ်စီး၊ ငွေကျပ်

သိန်း ၁၀၉၀ နှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၃၅ မျိုးအား ရှာဖွေတွေ့ရှိသဖြင့် နေအိမ်နှင့်အတူ ယာယီထိန်းသိမ်းထားရှိခဲ့ပါသည်။

၁၆။ စိတ်ကြွဆေးပြား ၄၆၆၀၀၀၀ ပြား သိမ်းဆည်းရမိမှုမှ ကွင်းဆက်တရားခံ Mr.J သည် ထောက်ကြန့်နယ်မြေရဲစခန်း မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ အမှုမှ တိမ်းရှောင်တရားခံဖြစ်ပြီး ၎င်း၏ ပိုင်ဆိုင်မှုများအား စိစစ်ချက်အရ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၂၉)ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ အိမ်အမှတ်(၁၀၂)၊ ၃ ထပ်တိုက်အား ပိုင်ဆိုင်သူဖြစ်ကြောင်း၊ ဆက်လက်စိစစ်ချက်အရ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပုညဝတ္တုလမ်း၊ အမှတ်(၃၃)၊ ပထမထပ်၊ (၂)လွှာရှိ တိုက်ခန်းအားလည်းကောင်း၊ စစ်တွေမြို့၊ ကုန်တန်းရပ်ကွက်၊ ကုန်သည်လမ်း၊ အကွက်(၁)၊ အိမ်အမှတ်(ကသ/၁၂)ရှိ ULTRA POWER ကုမ္ပဏီအားလည်းကောင်း၊ စစ်တွေမြို့၊ ရွှေပြားရပ်ကွက်၊ အကွက်(၄)၊ အလယ်လမ်း၊ အိမ်အမှတ်(၁၂)နေအိမ်နှင့် ခြံဝင်းအားလည်းကောင်း၊ စစ်တွေမြို့နယ်၊ ကြို့တဲကျေးရွာရှိ ULTRA POWER ဘိလပ်မြေအသင့်ဖျော်စက်ရုံနှင့် စက်ရုံဝင်းအတွင်းရှိ မော်တော်ယာဉ် ၇ စီးအားလည်းကောင်း၊ ၎င်းတရားခံများ ပိုင်ဆိုင်သည့်ငွေစာရင်း ၄၈ ခုမှ လက်ကျန်ငွေကျပ် ၃၀၃၀ သိန်းကျော်အားလည်းကောင်း ထပ်မံစိစစ်တွေ့ရှိခဲ့သဖြင့် ယာယီထိန်းသိမ်းထားရှိခဲ့ပါသည်။

၁၇။ ကွင်းဆက်တရားခံ Ms.I နှင့် Mr.J တို့၏ ပိုင်ဆိုင်မှုများသည် မူးယစ်ဆေးဝါးများ ရောင်းဝယ်ရာမှ ရရှိသည့် အကျိုးအမြတ်ငွေကြေးများဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၁၈-၁-၂၀၂၁ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲလွှဲပြောင်းပေးအပ်ထားရှိပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | ရွှေထည်ပစ္စည်းများဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | မူးယစ်ဆေးဝါးရောင်းဝယ်မှုမှရရှိသော ငွေကြေးအား ရွှေထည်ပစ္စည်းများ ဝယ်ယူခြင်း |
| ၂ | ကုမ္ပဏီများထူထောင်ခြင်းဖြင့် ငွေကြေး ခဝါချခြင်း | ရခိုင်ပြည်နယ်အတွင်း ကုမ္ပဏီများ ထူထောင်ထားခြင်း |
| ၃ | ဘိလပ်မြေအသင့်ဖျော်စက်ရုံ ထူထောင်ခြင်းဖြင့် ငွေကြေးခဝါချခြင်း | ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်မှုမှ ရရှိသော ငွေကြေးအား ဘိလပ်မြေစက်ရုံ ထူထောင်ခြင်း |

| | | |
|---|---|---|
| ၄ | မော်တော်ယာဉ်၊ တိုက်ခန်းများ ဝယ်ယူထားခြင်းဖြင့် ငွေကြေးခဝါချခြင်း | လုပ်ငန်းများတွင်အသုံးပြုရန် မော်တော်ယာဉ်များ ဝယ်ယူထားခြင်း |

**မှုခင်းဖြစ်စဉ်(၂)။ မင်္ဂလာဒုံမြို့မရဲစခန်း မယ(ပ)၃/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁**

၁၈။ ၁၄-၁-၂၀၂၂ ရက်နေ့ ၀၁၀၀ အချိန် X-Ray စက်တပ်ဖွဲ့စု(ကျွဲတပ်ဆုံ)မှ Pol. Capt. A ဦးစီးအဖွဲ့သည် X-Ray (ကျွဲတပ်ဆုံ)စစ်ဆေးရေးဂိတ်၌ တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် KING LONG ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ မသင်္ကာဖွယ် ပီနံအိတ် ၃ အိတ်အား တွေ့ရှိသဖြင့် Pol. Capt. A ဦးစီး၍ ရန်ကုန်သို့ထိန်းချုပ်လိုက်ပါခဲ့ရာ ၀၇၃၀ အချိန် ရောက်ရှိပြီး အမှတ်(၄၀) မူးယစ်တပ်ဖွဲ့စု၊ ရန်ကုန်(မြောက်ပိုင်း)မှ Pol. Maj. B ဦးစီးအဖွဲ့နှင့် ပူးပေါင်း၍ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာ အဝေးပြေးကားဝင်း၊ ရွှေကမ္ဘာကားဂိတ်တွင် လျှို့ဝှက်စောင့်ဆိုင်းနေစဉ် ၁၂၃၀ အချိန် Mr.A သည် AD VAN ယာဉ်ဖြင့် ရောက်ရှိလာပြီး ပီနံအိတ် ၃ လုံးအား ရွေးယူသဖြင့် ထိန်းသိမ်းရှာဖွေရာ စိတ်ကြွဆေးပြား ၅၁၀၀၀၀၀ ပြား သိမ်းဆည်းရမိခဲ့ပါသည်။

၁၉။ စစ်ဆေးချက်အရ သိမ်းဆည်းရမိ စိတ်ကြွဆေးပြားများကို မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၂၁)နေ Mr.B မှ ရွေးယူခိုင်းခြင်းဖြစ်ကြောင်း သိရသဖြင့် ပူးပေါင်းအဖွဲ့မှ နေအိမ်အား ရှာဖွေရာ ၎င်းအား ဖမ်းဆီးရမိခဲ့ပြီး Mr.B ၏ ထွက်ဆိုချက်အရ ဒိုညီနောင်ကားဂိတ်တွင်လည်း Ms.C အမည်နှင့် ဖြိုးစတိုး အမည်ပါ ပီနံအိတ် ၇ လုံး ရွေးရန်ကျန်ရှိနေကြောင်းသိရသဖြင့် ရှာဖွေရာ စိတ်ကြွဆေးပြား ၉၉၀၀၀၀ ပြား ထပ်မံသိမ်းဆည်းရမိခဲ့ပါသည်။

၂၀။ ၁၄-၁-၂၀၂၂ ရက်နေ့ ၁၅၂၅ အချိန် အမှတ်(၂၅)မူးယစ်တပ်ဖွဲ့စု၊ တောင်ကြီးမှ Pol.Maj. C ဦးစီးအဖွဲ့သည် စိတ်ကြွဆေးပြားများ ပို့ဆောင်ပေးသည့် Ms.C ၏ ဖုန်းနံပါတ်သို့ ဆက်သွယ်ခဲ့ရာ တောင်ကြီးမြို့၊ ရွှေကမ္ဘာကားဂိတ်သို့ MAZDA ယာဉ် ရောက်ရှိလာသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။

၂၁။ Ms.C ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ စိတ်ကြွဆေးပြားများကို မောင်ဝမ်းကွဲတော်စပ်သူ Mr.D အား တောင်ကြီးမြို့ရှိ ကားဂိတ်မှတစ်ဆင့် ရန်ကုန်သို့ ပို့ဆောင်ခိုင်းခဲ့ကြောင်း သိရသဖြင့် တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ "စိန်"အထူးကုဆေးရုံအနီး၌ Mr.D အား SUZUKI SWIFT ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

၂၂။ Mr.D ၏ ထွက်ဆိုချက်အရ စိတ်ကြွဆေးပြားများကို လက်ဖက်ခြောက်များနှင့် ရောနှော၍ ပို့ဆောင်ခိုင်းသူ Mr.E သည် တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ROYAL TAUNGGYI HOTEL၊ အခန်းအမှတ်(၁၀၁၈)တွင် တည်းခိုနေကြောင်း သိရသဖြင့် ပူးပေါင်းအဖွဲ့ဖြင့်ရှာဖွေရာ ၎င်းနှင့်အတူ စိတ်ကြွ

ဆေးပြား ၃၄၀ ပြား၊ FORD ယာဉ်တစ်စီးတို့အား ထပ်မံသိမ်းဆည်းရမိသဖြင့် တောင်ကြီးမြို့မရဲစခန်း မယ(ပ)၈/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က) အရ အရေးယူထားရှိခဲ့ပါသည်။

၂၃။ Mr.E ၏ ထွက်ဆိုချက်အရ စိတ်ကြွဆေးပြားများကို မြိတ်မြို့နေ Mr.F မှ မြိတ်မြို့တွင် ရောင်းချခဲ့ကြောင်းနှင့် စိတ်ကြွဆေးပြား ၁၅ သိန်း ရောင်းချရငွေအား နမ့်စန်မြို့နယ်၊ ပန်လင်းဆိုင် ကျေးရွာနေ Mr.G ထံသို့ လွှဲပေးခဲ့ကြောင်း သိရှိရပါသည်။

၂၄။ စိတ်ကြွဆေးပြား ၁၅ သိန်းပြား သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ မင်္ဂလာဒုံမြို့မရဲစခန်း မယ(ပ)၃/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူထားရှိခဲ့ပါသည်။

၂၅။ စိတ်ကြွဆေးပြား ၁၅ သိန်း သိမ်းဆည်းရမိမှုမှ ဖမ်းမိတရားခံ Mr.E ပိုင်ဆိုင်သည့် FORD ယာဉ်၊ Mr.D ပိုင်ဆိုင်သည့် SUZUKI SWIFT ယာဉ်တို့နှင့် ငွေစာရင်းလက်ကျန် ၄၁၂ သိန်းကျော်အား ယာယီထိန်းသိမ်းထားရှိပါသည်။

၂၆။ အမှုမှ တရားခံ Mr.B၊ Mr.D၊ Mr.E၊ Mr.F၊ Mr.G တို့၏ ပိုင်ဆိုင်မှုများသည် မူးယစ်ဆေးဝါး ရောင်းဝယ်ရာမှရရှိသော အကျိုးအမြတ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၉-၃-၂၀၂၁ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်းတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲလွှဲပြောင်းပေးအပ်ထားရှိပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တန်ဖိုးကြီးပိုင်ဆိုင်မှုများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် မော်တော်ယာဉ်များ ဝယ်ယူခြင်း |
| ၂ | ဘဏ်အကောင့်များအသုံးပြု၍ တရားဝင်နှင့် တရားမဝင်ငွေကြေးများ ရောနှောကာ ငွေကြေး ခဝါချခြင်း | မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများကို တရားဝင်ငွေကြေး များနှင့် ရောနှောကာ ပြည်တွင်းရှိ ဘဏ်များ တွင် ဘဏ်စာရင်းများ ဖွင့်လှစ်၍ တရားဝင် ငွေကြေးများ ဖြစ်စေရန် ပြုလုပ်ခြင်း၊ လွှဲပြောင်းခြင်း |

**မှုခင်းဖြစ်စဉ်(၃)။ ဥသျှစ်ပင်နယ်မြေရဲစခန်း မယ(ပ)၁/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁၊ မှော်ဘီမြို့မရဲစခန်း မယ(ပ) ၂/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ နှင့် မင်္ဂလာဒုံမြို့မရဲစခန်း မယ(ပ)၈/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁**

၂၇။ ၂၈-၁-၂၀၂၁ ရက်နေ့ ၂၂၃၀ အချိန် အမှတ်(၃၇)မူးယစ်တပ်ဖွဲ့စု၊ ပြည်မှ Pol. Capt. A ဦးစီးအဖွဲ့သည် ပန်းတောင်းမြို့၊ ညောင်ကျိုး(မကဖ)ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဥသျှစ်ပင်ဘက်မှ တောင်ကုတ်ဘက်သို့ Mr.A မောင်းနှင်ပြီး Mr.B လိုက်ပါလာသည့် MITSUBISHI CANTER ယာဉ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၁၄၅၀၁၈၅ ပြား သိမ်းဆည်းရမိခဲ့ပါသည်။

၂၈။ စစ်ဆေးချက်အရ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ ရေကျော်ကျေးရွာရှိ ခြံဝင်းအတွင်းမှ သယ်ဆောင်လာကြောင်း သိရသဖြင့် ၂၉-၁-၂၀၂၁ ရက်နေ့ ၀၁၃၅ အချိန် အမှတ်(၄၀) မူးယစ်တပ်ဖွဲ့စု၊ရန်ကုန်(မြောက်ပိုင်း)မှ Pol.Maj.B ဦးစီးအဖွဲ့မှ ဝင်ရောက်ရှာဖွေရာ Mr.C၊ Mr.D၊ Mr.E တို့နှင့် အတူ နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား ၉၀၄၀၀၀၀ ပြား၊ HILUX REVO ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပါသည်။

၂၉။ စစ်ဆေးချက်အရ ၂၉-၁-၂၀၂၁ ရက်နေ့ ၀၂၅၀ အချိန် မူးယစ်ဆေးဝါးများ ပိုင်ရှင်ဖြစ်သူ Mr.F နေထိုင်သည့် ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ မြတ်သီရိလမ်း၊ မ(၁၃/၃၀/၂)ရှိ နေအိမ်ကို အမှတ်(၄၀)မူးယစ်တပ်ဖွဲ့စု၊ ရန်ကုန်(မြောက်ပိုင်း)မှ Pol.Capt. C ဦးစီးအဖွဲ့မှ ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်လျက်ရှိကြောင်း သိရှိရပါသည်။

၃၀။ Mr.C ၏ ထွက်ဆိုချက်အရ ၂၉-၁-၂၀၂၁ ရက်နေ့ ၁၉၀၀ အချိန် အမှတ်(၄၂) မူးယစ်တပ်ဖွဲ့စု၊ ရန်ကုန် (အနောက်)မှ ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်မင်းခေါင်လမ်း၊ ရွှေပြည်စံရာ ဟိုတယ်၊ အခန်းအမှတ် (A-201)သို့ ဝင်ရောက်ရှာဖွေရာ Mr.G နှင့် Mr.H တို့အား စိတ်ကြွဆေးပြား ၄၀ ပြား၊ ဆေးခြောက် ၁ ဂရမ်၊ အိုက်စ် ၀.၃ ဂရမ်နှင့် SOUJAN ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မင်္ဂလာဒုံမြို့မရဲစခန်း မယ(ပ)၈/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)၂၁ အရ အရေးယူထားရှိခဲ့ပါသည်။

၃၁။ Mr.G နှင့် Mr.H တို့၏ ထွက်ဆိုချက်အရ စိတ်ကြွဆေးပြားများကို နောင်ချိုမြို့နယ်တွင် နေထိုင်သည်ဟု သိရသူ Ms.J မှ ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးပစ်ကျေးရွာအနီးသို့ ပို့ဆောင်ပေးခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

၃၂။ Mr.G ၏ ထပ်မံထွက်ဆိုချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ Mr.I အား ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀)၊ (င)ရပ်ကွက်၊ အမှတ်(၁၇၈)တွင် ၃၀-၁-၂၀၂၂ ရက်နေ့တွင် ဖမ်းဆီးရမိခဲ့ပါသည်။

၃၃။ စိတ်ကြွဆေးပြား ၁၄၅၀၁၈၅ ပြား သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ ဥသျှစ်ပင်နယ်မြေ ရဲစခန်း မယ(ပ)၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂ အရလည်းကောင်း၊ စိတ်ကြွဆေးပြား ၉၀၄၀၀၀၀ ပြား သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ မော်ဘီမြို့မရဲစခန်း မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂ အရ လည်းကောင်း အရေးယူထားရှိခဲ့ပါသည်။

၃၄။ စိတ်ကြွဆေးပြား သိမ်းဆည်းရမိမှုမှ အောက်ပါပိုင်ဆိုင်မှုများအား ယာယီထိန်းသိမ်းထားရှိပြီး မူးယစ်ဆေးဝါး ရောင်းဝယ်ရာမှ ရရှိသော အကျိုးအမြတ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ် တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၁၇-၃-၂၀၂၂ ရက်နေ့နှင့် ၁၉-၅-၂၀၂၂ ရက်နေ့တို့တွင် ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲများ လွှဲပြောင်းပေးအပ်ထားရှိပါသည်-

(က) ဖမ်းမိတရားခံ Mr.H ထံမှ ငွေကျပ် ၁၃၄၉ သိန်း၊ CB Bank ငွေစာရင်းစာအုပ် ၁ အုပ်၊ CB Bank Smart Card ၁ ခု၊ CB Pay Account မှတ်တမ်း ၁ စောင်၊ SUZUKI ERTIGA ယာဉ် ၁ စီး၊

(ခ) အမှုမှ ကွင်းဆက်တရားခံ Mr.F ပိုင်ဆောင်သော HILUX REVO ယာဉ် ၁ စီး၊ LEXUS ယာဉ် ၁ စီး၊ CROWN ယာဉ် ၁ စီး၊ CANTER တစ်စီး၊ မော်ဘီမြို့နယ်၊ ယင်းတိုက်ပင် ကျေးရွာအုပ်စု၊ ရေကျော်ကျေးရွာရှိ မြေ ၁.၄ ဧကခြံဝင်းနှင့် တစ်ထပ်တိုက် ၁ လုံး၊ ပျဉ်ထောင်အိမ် ၁ လုံး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ ဘိုကလေး(၄) လမ်း၊ အမှတ် (၈၁၇/ခ)ရှိ ခြံအကျယ် ၂၀ x ၆၀ ပေမြေကွက်နှင့် နေအိမ် ၁ လုံး၊ ရွှေပြည်သာ မြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ မြတ်သီရိလမ်း၊ အမှတ်(၁၃)ရှိ ခြံအကျယ် ၆၀ x ၆၀ ပေ မြေကွက်နှင့် နှစ်ထပ်တိုက် ၁ လုံး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉) ရပ်ကွက်၊ စိန်ပန်း(၁)လမ်း၊ အမှတ်(၁၉၇/ခ)ရှိ ခြံအကျယ် ၂၀ x ၆၀ ပေမြေကွက်နှင့် အခန်း ၁၈ ခန်းပါ နှစ်ထပ်တိုက်နေအိမ်အဆောင် ၁ လုံး၊ အမှတ်(၁၉၈/ခ)ရှိ ခြံအကျယ် ၂၀ x ၆၀ ပေ မြေကွက်နှင့် အခန်း ၂၆ ခန်းပါ ၃ ထပ်တိုက် နေအိမ်အဆောင် ၁ လုံး၊ ရွှေပြည်သာ မြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ စက်မှုလမ်းမတွင် ခြံအကျယ် ၄၀ x ၆၀ ပေရှိ မြေကွက် အမှတ် (၁၉၀/၁၉၁/၁၉၂)မြေကွက် ၃ ကွက်၊

(ဂ) ဖမ်းမိတရားခံ Mr.D၊ Mr.G၊ Mr.H ၊ Mr.I နှင့် ကွင်းဆက်တရားခံ Mr.F၊ Mr.J တို့၏ ငွေစာရင်း ၁၅ ခုမှ လက်ကျန်ငွေကျပ် ၂၉၈၀ သိန်းကျော်နှင့် Kpay လက်ကျန်ငွေကျပ် ၂၃ သိန်းကျော်တို့၏ အချက်အလက်များ။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တန်ဖိုးကြီးပိုင်ဆိုင်မှုများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | ဇနီးသားသမီးတို့၏အမည်များ၊ ၎င်းတို့၏အမည် များဖြင့် အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းများဝယ်ယူခြင်း |
| ၂ | ဘဏ်အကောင့်များအသုံးပြု၍ တရားဝင်နှင့် တရားမဝင် ငွေကြေးများ ရောနှောကာ ငွေကြေး ခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် ပြည်တွင်းရှိဘဏ်များတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများကို တရားဝင်ငွေကြေးများနှင့် ရောနှောကာ ဘဏ်စာရင်းများဖွင့်လှစ်၍ လွှဲပြောင်းသုံးစွဲခြင်း |
| ၃ | ရွှေ့ပြောင်းလွယ်သော အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | မော်တော်ယာဉ်များ ဝယ်ယူခြင်း |

**မှုခင်းဖြစ်စဉ်(၄)။ မြစ်ငယ်နယ်မြေရဲစခန်း မယ(ပ)၂/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁**

၃၅။ ၉-၂-၂၀၂၁ ရက်နေ့ ၀၅၃၅ အချိန် အမှတ်(၂၄)မူးယစ်တပ်ဖွဲ့စု၊ လားရှိုးမှ Pol.Capt. A ဦးစီး ပူးပေါင်းအဖွဲ့သည် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သီပေါမှ မန္တလေးဘက်သို့ Mr.A မောင်းနှင်ပြီး Mr.B လိုက်ပါလာသော Canter ယာဉ်ကိုရှာဖွေရာ စိတ်ကြွဆေးပြားများ သယ်ဆောင်လာသည်ဟု မသင်္ကာဖွယ်တွေ့ရှိသဖြင့် ထိန်းချုပ်လိုက်ပါပြီး အမှတ်(၁၆)မူးယစ်တပ်ဖွဲ့စု၊ ပြင်ဦးလွင်နှင့် ချိတ်ဆက် ဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်မြို့နယ်၊ မြိုင်ကြီးရွာဘုန်းကြီးကျောင်းအနီးတွင် စိတ်ကြွဆေးပြား သယ်ဆောင်ရာတွင် ရှေ့ပြေးဆောင်ရွက်သူ Mr.C အား Wish ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

၃၆။ ဆက်လက်၍ မန္တလေးမြို့၊ စွယ်တော်ကားဝင်းသို့ ထိန်းချုပ်လိုက်ပါပြီး အမှတ်(၁၈)မူးယစ် တပ်ဖွဲ့စု၊ မန္တလေး(တောင်ပိုင်း)နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ၁၇၃၀ အချိန် ပစ္စည်းများ လက်ခံ ရယူသည့် Mr.E၊ Mr.F၊ Mr.G တို့အား Toyota Alphard ယာဉ် ၁ စီးနှင့် Volks Wagel ယာဉ် ၁ စီး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ထိန်းချုပ်သယ်ဆောင်လာသည့် Canter ယာဉ်ကိုရှာဖွေရာ စိတ်ကြွ ဆေးပြား ၅၁၀၀၀၀၀ ပြား သိမ်းဆည်းရမိခဲ့ပါသည်။

၃၇။ ဖမ်းမိတရားခံ Mr.A နှင့် Mr.B တို့အား စစ်ဆေးရာ စိတ်ကြွဆေးပြားပါသည့် မော်တော်ယာဉ်အား ယာဉ်မောင်းခ ငွေကျပ် ၁.၅ သိန်းဖြင့် သီပေါမြို့နယ်၊ (၉)မိုင်လမ်းခွဲမှ ပြင်ဦးလွင်သို့ မောင်းနှင်လာခြင်းဖြစ်ကြောင်း၊ Mr.C မှာ ငွေကျပ်သိန်း ၅၀ ဖြင့် ရှေ့ပြေးအဖြစ်တာဝန်ခံ၍ သယ်ဆောင်သူဖြစ်ကြောင်း၊ Mr.E၊ Mr.F၊ Mr.G တို့မှာ မန္တလေးမြို့တွင် စိတ်ကြွဆေးပြားများပါသည့် ယာဉ်ကိုလက်ခံပြီး ဆက်လက်သယ်ဆောင်မည့်သူများဖြစ်ကြောင်း သိရှိရပါသည်။

၃၈။ သိမ်းဆည်းရမိ စိတ်ကြွဆေးပြားများနှင့် ပတ်သက်၍ ၁၀-၂-၂၀၂၂ ရက်နေ့ ၂၃၄၀ အချိန် မြစ်ငယ်နယ်မြေရဲစခန်း မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၂ အရ အမှုဖွင့်အရေးယူထားရှိခဲ့ပါသည်။

၃၉။ စိတ်ကြွဆေးပြား ၅၁၀၀၀၀၀ ပြား သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ Mr.C၊ Mr.E၊ Mr.F ၊ Mr.G တို့၏ ပိုင်ဆိုင်မှုများဖြစ်သည့် ဘဏ်ငွေစာရင်း ၂၀ ခု၊ လက်ကျန်ငွေကျပ် ၈၉၉ သိန်းကျော်သည် မူးယစ်ဆေးဝါးရောင်းဝယ်ရာမှရရှိသော အကျိုးအမြတ်ဖြင့် ပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၆-၇-၂၀၂၂ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲများ လွှဲပြောင်း ပေးအပ်ထားရှိပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | ဘဏ်အကောင့်များအသုံးပြု၍ တရားဝင်နှင့် တရားမဝင်ငွေကြေးများ ရောနှောကာ ငွေကြေး ခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် ပြည်တွင်းရှိဘဏ်များတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများကို တရားဝင်ငွေကြေးများနှင့် ရောနှောကာ ဘဏ်စာရင်းများ ဖွင့်လှစ်၍ လွှဲပြောင်းသုံးစွဲခြင်း |

**မှုခင်းဖြစ်စဉ်(၅)။** **တောင်ငူမြို့၊ အမှတ်(၃)နယ်မြေရဲစခန်း မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)**

၄၀။ ၂၄-၄-၂၀၂၁ ရက်နေ့ ဂ၈၀၀ အချိန် အမှတ်(၃၆)မူးယစ်တပ်ဖွဲ့စု၊ ပဲခူးမှ Pol.Lt. A ဦးစီး အဖွဲ့သည် တပ်မတော်နှင့် ပူးပေါင်း၍ တောင်ငူမြို့နယ်၊ ကျောက်တိုင်ကျေးရွာအုပ်စု၊ (၇)မိုင်ကျေးရွာ လမ်းဆုံတွင် လွိုင်ကော်မှ တောင်ငူဘက်သို့ Mr.A မောင်းနှင်လာသည့် FUSO ယာဉ်ကို ရှာဖွေရာ စိတ်ကြွ ဆေးပြား ၆၈၉၆၈၀၀ ပြားနှင့် မြန်မာငွေ ၂ သိန်းကျပ်တို့ကို သိမ်းဆည်းရမိခဲ့ပါသည်။

၄၁။ Mr. A ၏ ထွက်ဆိုချက်အရ နမ့်စန်မြို့တွင် နေထိုင်သည်ဟု သိရသူ Mr.B နှင့် Ms.C တို့မှ ငွေကျပ်သိန်း ၂၀ ဖြင့် သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်းနှင့် နမ့်စန်မြို့နယ်၊ နားရိုင်းဒေသမှ မြဝတီမြို့သို့ သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

၄၂။ စိတ်ကြွဆေးပြား ၆၈၉၆၈၀၀ ပြား သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ ၂၄-၄-၂၀၂၁ ရက်နေ့တွင် တောင်ငူမြို့၊ အမှတ်(၃)နယ်မြေရဲစခန်း မယ(ပ)၂/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) အရ အရေးယူ ထားရှိပါသည်။

၄၃။ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ Mr.A၊ Mr.B နှင့် Ms.C တို့၏ ပိုင်ဆိုင်မှုများဖြစ်သည့် ငွေစာရင်း ၁၅ ခုမှ လက်ကျန်ငွေကျပ် ၁၀၅ သိန်းကျော်သည် မူးယစ်ဆေးဝါးရောင်းဝယ်ရာမှ ရရှိသော အကျိုးအမြတ်ဖြင့် ပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၂၆-၇-၂၀၂၁ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲများ လွှဲပြောင်းပေးအပ်ထားရှိပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | ဘဏ်အကောင့်များအသုံးပြု၍ တရားဝင်နှင့် တရားမဝင်ငွေကြေးများ ရောနှောကာ ငွေကြေးခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် ပြည်တွင်းရှိဘဏ်များတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများကို တရားဝင်ငွေကြေးများနှင့် ရောနှောကာ ဘဏ်စာရင်းများ ဖွင့်လှစ်၍ လွှဲပြောင်းသုံးစွဲခြင်း |

**မှုခင်းဖြစ်စဉ်(၆)။ ဟောင်လိတ်နယ်မြေရဲစခန်း မယ(ပ)၃၁/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/ ၂၂(ခ)/၂၁**

၄၄။ ၈-၆-၂၀၂၁ ရက်နေ့ ၁၆၁၅ အချိန် အမှတ်(၃၀)မူးယစ်တပ်ဖွဲ့စု၊ တာချီလိတ်မှ Pol. Maj. A ဦးစီးအဖွဲ့သည် တပ်မတော်နှင့် ပူးပေါင်း၍ တာချီလိတ်မြို့၊ ပါဆပ်ရပ်ကွက်၊ လွှန်းကျိုင်း ဘုန်းကြီးကျောင်းလမ်း၊ အမှတ်(၁/၈၁)ရှိ Mr.A ၏ ရာဘာခြံကို ရှာဖွေရာ Mr.A နှင့် Mr.B တို့အား တွေ့ရှိပြီး ခြံအတွင်းမှ ဘိန်းဖြူ ၈၉၄.၅၅ ကီလို၊ စိတ်ကြွဆေးပြား ၁၈၃၂၀၀၀ ပြား၊ အိုက်စ် ၁.၆

ကီလို၊ ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ၎င်းကျည် ၈ တောင့်နှင့် ထိုင်းဘတ်ငွေ ၁၅ သိန်း၊ မော်တော်ယာဉ်မျိုးစုံ ၁၀ စီးတို့အား သိမ်းဆည်းရမိခဲ့ပါသည်။

၄၅။ Mr.A ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ပန်ဆန်းမြို့မှ သယ်ဆောင်လာပြီး ၎င်း၏ ရာဘာခြံအတွင်း ဂိုဒေါင်တွင် သိမ်းဆည်းထားခြင်းဖြစ်ကြောင်း၊ လက်နက်ခဲယမ်းများမှာ ၂၀၁၈ ခုနှစ်တွင် တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်တွင် တွေ့ရှိသူ အမည်မသိအမျိုးသားထံမှ ဝယ်ယူကိုင်ဆောင်ထားခြင်းဖြစ်ကြောင်း၊ Mr.B မှာ ကားပြုပြင်ရန်နှင့် CCTV Camera တပ်ဆင်ရန်အတွက် ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၄၆။ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ ၉-၆-၂၀၂၁ ရက်နေ့တွင် ဟောင်လိတ်နယ်မြေရဲစခန်း မယ(ပ)၃၁/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/ ၂၂(ခ)/၂၁ အရ အမှုဖွင့်အရေးယူထားရှိပါသည်။

၄၇။ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ Mr. A ပိုင်ဆိုင်သည့် အောက်ပါအဆောက်အဦနှင့် ငွေကြေးဆိုင်ရာ အချက်အလက်များအား မူးယစ်ဆေးဝါးရောင်းဝယ်ရာမှရရှိသော အကျိုးအမြတ်ဖြင့် ပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၂၂-၈-၂၀၂၁ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲများလွှဲပြောင်းပေးအပ်ထားရှိပါသည်-

(က) တာချီလိတ်မြို့၊ ပါဆပ်ရပ်ကွက်၊ အမှတ်(ပဆ-၁/၈၁)ရှိ မြေအကျယ် ၁.၈၄ ဧကနှင့် ၎င်းမြေကွက်ပေါ်ရှိ ဂိုဒေါင် ၁ လုံး၊

(ခ) တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့(အပြင်)၊ အမှတ်(၁၉၂)ရှိ မြေကွက်နှင့် တစ်ထပ်တိုက် ၁ လုံး၊

(ဂ) တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ အမှတ်(၁၄၃)ရှိ အာရ်စီ ၃ ထပ်တိုက် ၁ လုံးနှင့် အာရ်စီ ၄ ထပ်တိုက် ၁ လုံး၊

(ဃ) ငွေစာရင်း ၁ ခုမှ လက်ကျန်ငွေကျပ် ၉၆ သိန်းကျော်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တန်ဖိုးကြီးပိုင်ဆိုင်မှုများဝယ်ယူခြင်းဖြင့် | ၎င်းတို့၏အမည်များဖြင့် အိမ်၊ ခြံ၊ မြေ များ |

| | ငွေကြေးခဝါချခြင်း | ဝယ်ယူခြင်း |
|---|---|---|
| ၂ | ဘဏ်အကောင့်များအသုံးပြု၍ တရားဝင်နှင့် တရားမဝင်ငွေကြေးများ ရောနှောကာ ငွေကြေး ခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် ပြည်တွင်းရှိဘဏ်များတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများကို တရားဝင်ငွေကြေးများနှင့် ရောနှောကာ ဘဏ်စာရင်းများ ဖွင့်လှစ်၍ လွှဲပြောင်း သုံးစွဲခြင်း |

**မှုခင်းဖြစ်စဉ်(၇)။ ကော့သောင်းမြို့မရဲစခန်း မယ(ပ)၆၇/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၂**

၄၈။ ၂၇-၆-၂၀၂၂ ရက်နေ့ ၁၉၃၀ အချိန် စစ်ရေယာဉ်(ဘုရင့်နောင်)မှ တပ်ဖွဲ့ဝင်များသည် မြန်မာ-အိန္ဒိယရေပြင် နယ်နိမိတ်မျဉ်းအနီး ရေပြင်တွင် လုံခြုံရေးဆောင်ရွက်နေစဉ် မလေးရှားနိုင်ငံသို့ မူးယစ်ဆေးဝါးများ ပို့ဆောင်မည့် "သုခစုစံ"အမည်ရှိ စက်လှေအား ရှာဖွေရာ Mr.A၊ Mr.B၊ Mr.C၊ Mr.D၊ Mr.E၊ Mr.F၊ Mr.G တို့အား တွေ့ရှိရပြီး စက်လှေအတွင်းမှ အိုက်စ် ၁၅၀၀ ကီလို၊ မြန်မာငွေ ၆၀၅၆၀၀ ကျပ်နှင့် မူးယစ်ဆေးဝါးပို့ဆောင်ရာတွင် ဆက်သွယ်ဆောင်ရွက်မည့် IU 7912541 နံပါတ်ပါ မြန်မာငွေ ၅၀၀၀ ကျပ်တန် ၁ ရွက်တို့အား သိမ်းဆည်းရမိခဲ့ပါသည်။

၄၉။ တရားခံများအား စစ်ဆေးချက်အရ သိမ်းဆည်းရမိ အိုက်စ်များကို ၂၂-၆-၂၀၂၂ ရက်နေ့ ၂၁၀၀ အချိန် တောင်ကုတ်မြို့၊ ချောင်းကောက်ရပ်ကွက်၊ မင်းဘကြီးလမ်းနေ Mr.H ၏ စေခိုင်းချက်အရ တောင်ကုတ်မြို့နေ Mr.K မှ တောင်ကုတ်မြို့နယ်၊ ခရိုင်ချောင်းဝတွင် စောင့်ဆိုင်းနေသော "သုခစုစံ"အမည်ရှိ စက်လှေပေါ်သို့ လာရောက်တင်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဖမ်းမိတရားခံများမှာ သိမ်းဆည်းရမိ အိုက်စ်များကို ငွေကျပ်သိန်း ၅၀၀ ဖြင့် မလေးရှားနိုင်ငံ ရေပိုင်နက်သို့ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ "သုခစုစံ"စက်လှေ၏ ပိုင်ရှင်မှာ မြောင်းမြမြို့၊ ခွေးလေးကြီးကျေးရွာအုပ်စု၊ ရှစ်အိမ်တန်းကျေးရွာနေ Mr.J ဖြစ်ပြီး မူးယစ်ဆေးဝါးများ ပိုင်ရှင်ဖြစ်သူ တောင်ကုတ်မြို့နယ်၊ မှိုဟင်းတောကျေးရွာနှင့် အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နယ်မြေ(၁၃)၊ မင်းစေတီလမ်း၊ အမှတ်(၆၁၃)တွင် နေထိုင်သူ Mr.I နှင့်အတူ သိမ်းဆည်းရမိ အိုက်စ်များကို အကျိုးတူပူးပေါင်း သယ်ဆောင်သူဖြစ်ကြောင်း သိရှိရပါသည်။

၅၀။ အိုက်စ် ၁၅၀၀ ကီလို သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ ကော့သောင်းမြို့မရဲစခန်း မယ(ပ) ၆၇/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၂ အရ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။

၅၁။ အိုက်စ် ၁၅၀၀ ကီလို သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ Mr.C ပိုင်ဆိုင်သည့် ကြည့်မြင်တိုင်မြို့နယ်၊ ငါးစင်ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၉)ရှိ နေအိမ် ၁ လုံး၊ Mr.I ပိုင်ဆိုင်သည့် အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နယ်မြေ(၁၃)၊ မင်းစေတီလမ်း၊ အမှတ်(၆၁၃)ရှိ နေအိမ်တိုက်ခန်း ၁ ခန်း၊ မြန်မာငွေ ၉ သိန်းကျပ်နှင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဗထူး(၅)လမ်း၊ အမှတ်(၃၀)ရှိ အာရ်စီ ၃ ထပ်တိုက် ၁ လုံးတို့အား ယာယီထိန်းသိမ်းထားရှိပါသည်။

၅၂။ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ Mr.A၊ Mr.B၊ Mr.C၊ Mr.D၊ Mr.H၊ Mr.I၊ Mr.J တို့၏ ပိုင်ဆိုင်မှုများဖြစ်သည့် ဘဏ်ငွေစာရင်း ၉ ခုမှ လက်ကျန်ငွေကျပ် ၁၄၂၅ သိန်းကျော်သည် မူးယစ်ဆေးဝါးရောင်းဝယ်ရာမှရရှိသော အကျိုးအမြတ်ဖြင့် ပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၂၂-၈-၂၀၂၂ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲများလွှဲပြောင်းပေးအပ်ထားရှိပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တန်ဖိုးကြီးပိုင်ဆိုင်မှုများဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် အိမ်၊ ခြံ၊ မြေ များဝယ်ယူခြင်း |
| ၂ | ဘဏ်အကောင့်များအသုံးပြု၍ တရားဝင်နှင့် တရားမဝင်ငွေကြေးများ ရောနှောကာ ငွေကြေးခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် ပြည်တွင်းရှိဘဏ်များတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများကို တရားဝင်ငွေကြေးများနှင့် ရောနှောကာ ဘဏ်စာရင်းများ ဖွင့်လှစ်၍ လွှဲပြောင်းသုံးစွဲခြင်း |

**မှုခင်းဖြစ်စဉ်(၈)။ ပိတ်ချင်းမြောင်နယ်မြေရဲစခန်း မယ(ပ)၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂**

၅၃။ ၂၆-၁-၂၀၂၂ ရက်နေ့ ၁၆၂၀ အချိန် အမှတ်(၁၆)မူးယစ်တပ်ဖွဲ့စု၊ပြင်ဦးလွင်မှ Pol. Capt.A ဦးစီးအဖွဲ့သည် ပြင်ဦးလွင်မြို့နယ်၊ ညောင်ကုန်းကျေးရွာအဝင်၊ မိုးကုတ်-ပြင်ဦးလွင်သွား ကားလမ်းတွင် မိုးကုတ်မှ ပြင်ဦးလွင်ဘက်သို့ Mr.A မောင်းနှင်ပြီး Mr.B နှင့် Mr.C တို့ လိုက်ပါလာသည့် MITSUBISHI FUSO ယာဉ်ကို ရှာဖွေရာ အိုက်စ် ၄၈၀ ကီလို သိမ်းဆည်းရမိခဲ့ပါသည်။

၅၄။ Mr.A၊ Mr.B နှင့် Mr.C တို့၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ အိုက်စ်များကို လားရှိုးမြို့တွင် နေထိုင်သည့် Mr.D နှင့် Mr.E တို့ ဆက်သွယ်ပေးမှုအရ လားရှိုးမြို့၊ ခေးနင်းတိုးဂိတ်အကျော် တောစပ်တွင် ဖမ်းမိယာဉ်ပေါ်သို့ လာရောက်တင်ဆောင်ပေးပြီး သယ်ဆောင်ခအဖြစ် Mr.A မှ ငွေကျပ် ၈ သိန်း၊ Mr.B မှ ငွေကျပ် ၁၀ သိန်း၊ Mr.C မှ ငွေကျပ် ၅ သိန်းရရှိမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ အနေဖြင့် ဖမ်းမိယာဉ်အား လားရှိုးမှ မန္တလေးသို့ မောင်းနှင်ပို့ဆောင်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

၅၅။ အိုက်စ် ၄၈၀ ကီလို သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ ပိတ်ချင်းမြောင်နယ်မြေရဲစခန်း မယ(ပ) ၄/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။

၅၆။ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ ကွင်းဆက်တရားခံ Mr.D နှင့် Mr.E တို့သည် မန်တုံမြို့နယ်၊ လွယ်ခန်ကျေးရွာတွင် နေထိုင်ကြောင်း သိရှိရသော်လည်း နယ်မြေလုံခြုံရေးအခြေအနေအရ ၎င်းတို့၏ ပိုင်ဆိုင်မှုများကို စစ်ဆေးနိုင်ခြင်းမရှိဘဲ ဘဏ်ငွေစာရင်း ၅ ခုမှ လက်ကျန်ငွေကျပ် ၂၀၈ သိန်းကျော် စိစစ်တွေ့ရှိသဖြင့် ၎င်းတို့၏ပိုင်ဆိုင်မှုများသည်မူးယစ်ဆေးဝါးရောင်းဝယ်ရာမှရရှိသော အကျိုးအမြတ်ဖြင့် ပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူ ဆောင်ရွက်နိုင်ရန်အတွက် ၂၂-၈-၂၀၂၁ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သို့ အမှုတွဲများ လွှဲပြောင်းပေးအပ်ထားရှိပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | ဘဏ်အကောင့်များအသုံးပြု၍ တရားဝင်နှင့် တရားမဝင်ငွေကြေးများ ရောနှောကာ ငွေကြေး ခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် ပြည်တွင်းရှိဘဏ်များတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများကို တရားဝင်ငွေကြေးများနှင့် ရောနှောကာ ဘဏ်စာရင်းများဖွင့်လှစ်၍ လွှဲပြောင်း သုံးစွဲခြင်း |
| ၂ | ပိုင်ဆိုင်မှုများ မစစ်ဆေးနိုင်ခြင်း | တရားခံများသည် လုံခြုံရေးအခြေအနေအရ မသွားရောက်နိုင်သော နေရာများတွင် နေထိုင်ခြင်း |

**မှုခင်းဖြစ်စဉ်(၉)။** **သိမ်ဇရပ်နယ်မြေရဲစခန်း မယ(ပ)၈/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁**
**မြစ်ငယ်နယ်မြေရဲစခန်း မယ(ပ)၁၀/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁**
**နောင်ချိုမြို့မရဲစခန်း မယ(ပ)၆၆/ ၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁**

၅၇။ ၂၁-၇-၂၀၂၂ ရက်နေ့ ၁၀၃၀ အချိန် အမှတ်(၃၈)မူးယစ်တပ်ဖွဲ့စု၊ မော်လမြိုင်မှ Pol. Maj. A ဦးစီး ပူးပေါင်းအဖွဲ့သည် ကျိုက်ထိုမြို့နယ်၊ ရန်ကုန်-မော်လမြိုင်သွားကားလမ်း၊ မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်တောင်းဘက်မှ ကျိုက်ထိုဘက်သို့ Mr.A မောင်းနှင်ပြီး Mr.B လိုက်ပါလာသည့် NISSAN UD ဆီဘောက်ဆာယာဉ်ကို ရှာဖွေရာ အိုက်စ် ၁၀၀၀ ကီလို၊ ကတ်တမင်း ၅၀၀ ကီလိုနှင့် ငွေကျပ် သိန်း ၂၀ တို့ကို သိမ်းဆည်းရမိခဲ့ပါသည်။

၅၈။ Mr.A နှင့် Mr.B တို့အား စစ်ဆေးချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ ၃၃ လမ်း၊ ၆၆ နှင့် ၆၇ လမ်းကြား၊ အမှတ်(နန-၄/၃၈)နေ Mr.C နှင့် လားရှိုးမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရဲဘော်လမ်း၊ အမှတ်(၆/၆)နေ Mr.D တို့၏ ချိတ်ဆက်ပေးမှုအရ လားရှိုးမြို့နေ Mr.E ၏ အစီအမံဖြင့် သီပေါမြို့နယ်၊ ဆောင်ကြဲကျေးရွာမှ မြဝတီမြို့သို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ Mr.C ၏ ယောက်ဖဖြစ်သူ မဟာအောင်မြေမြို့နယ်နေ Mr.F နှင့် ပြည်ကြီးတံခွန်မြို့နယ်နေ Mr.G တို့မှ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ရှေ့ပြေးအဖြစ် ဆောင်ရွက်သူများဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် ချိတ်ဆက်ပေးသူ Mr.C မှ Mr.A နှင့် Mr.B တို့အား သယ်ဆောင်ခ ငွေကျပ်သိန်း ၅၀ ပေးအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

၅၉။ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ ၂၂-၇-၂၀၂၂ ရက်နေ့တွင် သိမ်ဇရပ်နယ်မြေရဲစခန်း မယ(ပ)၈/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၂ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။

၆၀။ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ အောက်ပါအဆောက်အဦနှင့် Mr.A, Mr.B, Mr.D, Mr.F တို့၏ ဘဏ်ငွေစာရင်း ၁၇ ခုမှ လက်ကျန်ငွေကျပ် ၁၄၃ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၁၄၆ ၊ ယူရိုငွေ ၁၈၁ တို့အား ယာယီထိန်းသိမ်းထားရှိပြီး ၎င်းတို့၏ပိုင်ဆိုင်မှုများသည် မူးယစ်ဆေးဝါးရောင်းဝယ်ရာမှ ရရှိသော အကျိုးအမြတ်ဖြင့် ပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၁၁-၁၀-၂၀၂၂ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲများ လွှဲပြောင်းပေးအပ်ထားရှိပါသည်-

(က) Mr.A ပိုင်ဆိုင်သည့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ၆၆ (ဘီ)လမ်း၊ အမှတ်(နန-၄/၂၂)ရှိ ၂၀ x ၆၀ ပေ မြေကွက်နှင့် အာရ်စီ ၂ ထပ်ခွဲ နေအိမ် ၁ လုံး၊

(ခ) Mr.C ပိုင်ဆိုင်သည့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ ၆၆ နှင့် ၆၇ လမ်းကြား၊ ၁၃၃ လမ်း၊ အမှတ်(နန-၄/၃၈)ရှိ ၁၂၀ x ၁၂၀ ပေရှိ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ

နှစ်ထပ်နေအိမ် ၁ လုံး၊ ဆောက်လုပ်ဆဲ အာရ်စီ ၃ ထပ်တိုက် ၁ လုံး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ၆၆ (ဘီ)လမ်း၊ အမှတ်(နန-၄/၂၂)ရှိ ၂၀ x ၆၀ ပေရှိ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ ၅ ခန်းတွဲနေအိမ် ၁ လုံး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ ၃၂ လမ်းနှင့် ၁၃၂ နှင့် ၁၃၃ လမ်းကြား၊ ၆၆ (ဘီ)လမ်း၊ အမှတ်(နန-၄/၃၆)ရှိ ၄၀ x ၆၀ ပေ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ နှစ်ထပ် အိမ် ၁ လုံး၊ SAMSUNG ၁၂ ဘီးဆီဘောက်ဆာယာဉ် ၁ စီး၊ NISSAN ဆီဘောက်ဆာ ယာဉ် ၂ စီး၊

(ဂ) Mr.D ပိုင်ဆိုင်သည့် လားရှိုးမြို့၊ အမှတ်(၄)ရပ်ကွက်၊ နယ်မြေ(၆)၊ ရဲဘော်လမ်း၊ အမှတ်(၆/၆)ရှိ နေအိမ် ၁ လုံး၊ PAJERO ယာဉ် ၁ စီး၊

(ဃ) Mr.A၊ Mr.B၊ Mr.D နှင့် ကွင်းဆက်တရားခံ Mr.F တို့၏ ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ အချက်အလက်များ။

၆၁။ ၂၆-၁၀-၂၀၂၁ ရက်နေ့ ၁၀၃၀ အချိန် အမှတ်(၂၅)မူးယစ်တပ်ဖွဲ့စု၊ တောင်ကြီးမှ Pol.Cap.B ဦးစီးအဖွဲ့သည် ရွာငံမြို့နယ်၊ ရွာငံ-ကျောက်ဆည်သွားလမ်း ယုန်တောင်ကျေးရွာအနီးတွင် ရွာငံမှ ကျောက်ဆည် ဘက်သို့ Mr.H မောင်းနှင်လာသည့် Nissan ယာဉ်အား မသင်္ကာသဖြင့် ထိန်းချုပ်၍ မန္တလေးသို့ မောင်းနှင်ပြီး အမှတ်(၁၈)မူးယစ်တပ်ဖွဲ့စု၊ မန္တလေး(တောင်ပိုင်း)နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ၁၆၃၀ အချိန်တွင် အမှတ်(၁၈)မူးယစ်တပ်ဖွဲ့စု၊ မန္တလေး(တောင်ပိုင်း)မှ Pol.Let.C ဦးစီးအဖွဲ့သည် ကျောက်ဆည် မြို့နယ်၊ သံရွာပူးပေါင်းစစ်ဆေးရေးဂိတ်တွင် Mr.I မောင်းနှင်ပြီး Ms.J နှင့် Ms.K တို့လိုက်ပါလာသည့် LEXUS ယာဉ်အား စစ်ဆေးခဲ့ရာ Ms.K ထံမှ Mr.H နှင့်ဆက်သွယ်ထားသည့် ဖုန်းအား တွေ့ရှိပြီး ဖမ်းဆီးခဲ့ပါသည်။

၆၂။ Mr.H မောင်းနှင်လာသည့် Nissan ယာဉ်အား အမှတ်(၁၇)မူးယစ်တပ်ဖွဲ့စု၊ မန္တလေး(မြောက်ပိုင်း) ရုံးတွင်ရှာဖွေရာ အိုက်စ် ၈၆၀ ကီလိုအား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ၂၃-၁၀-၂၀၂၁ ရက်နေ့တွင် Mr.I နှင့် Ms.J တို့မှ အိုက်စ်များကို ကျောက်မဲမှ မြဝတီသို့ ပို့ဆောင်ပေးပါက ငွေကျပ် သိန်း ၇၀ နှင့် ကားငှားရမ်းခ သိန်း ၃၀ ပေးမည်ဖြစ်ကြောင်း သဘောတူခဲ့သဖြင့် ကျောက်မဲမြို့နယ်၊ ဇီးပင်ရွာသို့ သွားရောက်တင်ဆောင်ခဲ့ရာ ရှမ်းလူမျိုး Mr.L မှ အိုက်စ်များထည့်ထားသည့် အိတ်များ တင်ပေးလိုက်ပြီး ၁၇ အိတ်ပိုနေသဖြင့် ပြန်လည်ယူဆောင်သွားခဲ့ပါသည်။

၆၃။ Mr.I အား စစ်ဆေးချက်အရ Mr.E သည် ၎င်းထံ ဖုန်းဆက်သွယ်လာပြီး မူးယစ်ဆေးဝါးများ မြဝတီသို့ သယ်ဆောင်ပေးရန်နှင့် သယ်ဆောင်ခ မြန်မာငွေကျပ် သိန်း ၁၁၀၀ ပေးမည်ပြောသဖြင့် သဘောတူခဲ့ပြီး Mr.H အား ငွေကျပ် သိန်း ၁၀၀ ဖြင့် သယ်ဆောင်ခိုင်းခြင်းဖြစ်ပါသည်။ Mr.E သည်

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ အောင်စေတနာလမ်း၊ အကွက်အမှတ်(၃/၁၂)တွင် နေထိုင်ပြီး ၂၁-၇-၂၀၂၂ ရက်နေ့ ၁၀၃၀ အချိန် အမှတ်(၃၈)မူးယစ်တပ်ဖွဲ့စု၊ မော်လမြိုင်မှ ကျိုက်ထိုမြို့နယ်ရှိ မရမ်းချောင် စစ်ဆေးရေးဂိတ်တွင် အိုက်စ် ၁၀၀၀ ကီလိုနှင့် ကတ်တမင်း ၅၀၀ ကီလို ဖမ်းဆီးရမိမှုမှ တရားခံပြေး ၁ ဦး ဖြစ်ပြီး Mr.E အား စေခိုင်းသူမှာ ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးကျေးရွာအုပ်စု၊ လွယ်ခန်ကျေးရွာနေ Mr.O ဖြစ်ကြောင်း သိရှိရပါသည်။

၆၄။ ၂၇-၁၀-၂၀၂၂ ရက်နေ့ ၀၅၃၀ အချိန် အမှတ်(၂၄)မူးယစ်တပ်ဖွဲ့စု၊ လားရှိုးမှ Pol.Cap.D ဦးစီးပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့နယ်၊ ပင်ပေါအုပ်စု၊ ကျောင်းကုန်းကျေးရွာနေ Mr.L ၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား ဖမ်းဆီးရမိပြီး ပြောင်းခြံအတွင်းမှ အိုက်စ် ၃၄၀ ကီလိုအား ထပ်မံ သိမ်းဆည်းရမိခဲ့ပါသည်။ Mr.L အား စစ်ဆေးချက်အရ ၇-၁၀-၂၀၂၂ ရက်နေ့က Mr.M နှင့် Mr.N တို့ ၂ ဦးမှ မူးယစ်ဆေးဝါး အိတ်များ သိမ်းဆည်းပေးရန် အကူအညီတောင်းသဖြင့် သိမ်းဆည်းခငွေကျပ် ၅ သိန်းဖြင့် သိမ်းဆည်းခဲ့ပြီး Mr.H ၏ Nissan ယာဉ်ပေါ်သို့ တင်ပေးပြီး လက်ကျန်အိတ်များ ဖြစ်ကြောင်း သိရှိရပါသည်။

၆၅။ အမရပူရမြို့နယ်တွင် အိုက်စ် ၈၆၀ ကီလို သိမ်းဆည်းရမိမှုအား ၂၈-၁၀-၂၀၂၂ ရက်နေ့တွင် မြစ်ငယ်နယ်မြေရဲစခန်း မယ(ပ)၁၀/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း၊ ကျောက်မဲ မြို့နယ်တွင် အိုက်စ် ၃၄၀ ကီလို သိမ်းဆည်းရမိမှုအား ၂၈-၁၀-၂၀၂၂ ရက်နေ့တွင် နောင်ချိုမြို့မရဲစခန်း မယ(ပ)၆၆/ ၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ ပါသည်။

၆၆။ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ အောက်ပါအဆောက်အဦနှင့် Mr.E၊ Mr.H၊ Ms.J၊ Ms.K တို့၏ ဘဏ်ငွေစာရင်း ၁၁ ခုမှ လက်ကျန်ငွေကျပ် ၁၀၃ သိန်းကျော်ကို ယာယီထိန်းသိမ်းထားရှိပြီး ၎င်းတို့၏ ပိုင်ဆိုင်မှုများသည် မူးယစ်ဆေးဝါးရောင်းဝယ်ရာမှရရှိသော အကျိုးအမြတ်ဖြင့် ပိုင်ဆိုင် ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူ ဆောင်ရွက်နိုင်ရန်အတွက် ၁၃-၁၂-၂၀၂၂ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သို့ အမှုတွဲများ လွှဲပြောင်းပေးအပ်ထားရှိပါသည်-

(က) Mr.H ပိုင်ဆိုင်သည့် နောင်ချိုမြို့နယ်၊ တောင်ခြေကျေးရွာအုပ်စု၊ ဈေးကုန်းကျေးရွာ၊ နယ်မြေ(၅)၊ အမှတ်(၁၀၈)ရှိ မြေ ၀.၄ ဧကပေါ်တွင် သွပ်မိုးအုတ်ကာ ၂ ထပ်တိုက် နေအိမ် ၁ လုံး၊

( ခ ) Mr.I ပိုင်ဆိုင်သည့် မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်၊ ဟိုနားနယ်မြေ၊ အမှတ်(၅၅၆)ရှိ ၈၀ x ၇၀ ပေအကျယ် မြေပေါ်တွင် အာရ်စီ ၂ ထပ်တိုက် နေအိမ် ၁ လုံး၊

(ဂ) Mr.L ပိုင်ဆိုင်သည့် ကျောက်မဲမြို့နယ်၊ ပင်ပေါကျေးရွာအုပ်စု၊ ကျောင်းကုန်းကျေးရွာရှိ ၆၀ x ၁၂၀ ပေ မြေကွက်ပေါ်တွင် သွပ်မိုးအုတ်ကာ ၁ ထပ်တိုက် နေအိမ် ၁ လုံး၊

(ဃ) Mr.E ပိုင်ဆိုင်သည့် လားရှိုးမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ နယ်မြေ(၇)၊ အောင်စေတနာလမ်း၊ အကွက်အမှတ်(၃/၁၂)ရှိ မြေ ၀.၁၂ ဧကပေါ်တွင် နေအိမ် ၁ လုံး။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တန်ဖိုးကြီးပိုင်ဆိုင်မှုများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | ၎င်းတို့၏အမည်များ၊ ဇနီးအမည်များဖြင့် အိမ်၊ ခြံ၊ မြေများ ဝယ်ယူဆောက်လုပ်ထားခြင်း |
| ၂ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | ဆီဘောက်ဆာယာဉ်များ ဝယ်ယူထားခြင်း |
| ၃ | ရွှေ့ပြောင်းလွယ်သော အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | မော်တော်ယာဉ်များ ဝယ်ယူခြင်း |
| ၄ | ဘဏ်အကောင့်များအသုံးပြု၍ တရားဝင်နှင့် တရားမဝင်ငွေကြေးများ ရောနှောကာ ငွေကြေးခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် ပြည်တွင်းရှိဘဏ်များတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများကို တရားဝင်ငွေကြေးများနှင့် ရောနှောကာ ဘဏ်စာရင်းများ ဖွင့်လှစ်၍ လွှဲပြောင်းသုံးစွဲခြင်း |

**မှုခင်းဖြစ်စဉ်(၁၀)။ သိမ်ဇရပ်နယ်မြေရဲစခန်း မယ(ပ)၉/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁**

၆၇။ ၁၀-၉-၂၀၂၁ ရက်နေ့ ၁၁၀၀ အချိန် အမှတ်(၃၈)မူးယစ်တပ်ဖွဲ့စု၊ မော်လမြိုင်မှ Pol.Maj.A ဦးစီးအဖွဲ့သည် ကျိုက်ထိုမြို့နယ်၊ ရန်ကုန်-မော်လမြိုင်သွားကားလမ်း၊ မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်တောင်းတံတားဘက်မှ ကျိုက်ထိုဘက်သို့ Mr.A မောင်းနှင်ပြီး Ms.B လိုက်ပါလာသော Alphard ယာဉ်နှင့် Mr.C မောင်းနှင်ပြီး Mr.D နှင့် Mr.E တို့လိုက်ပါလာသည့် Tipper ယာဉ်တို့ကို ရှာဖွေရာ Tipper ယာဉ်ပေါ်မှ အိုက်စ် ၁၀၀၀ ကီလို၊ ကက်တမင်း ၄၇ ကီလိုအားလည်းကောင်း၊ Ms.B ထံမှ မြန်မာငွေ ၅၁၇.၂၈ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပါသည်။

၆၈။ တရားခံများ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို Ms.B ၏ သားဖြစ်သူ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၄၀၃)A-၁၆ နေ Mr.F ၏ ချိတ်ဆက်ပေးမှုဖြင့် ကျေးသီးမြို့နယ်၊ မိုင်းနောင်နှင့် ဝမ်ဟိုင်းကြားရှိ ပန်ပိုးကျေးရွာအနီးမှ ထားဝယ်

မြို့သို့ သယ်ဆောင်ခ ငွေကျပ်သိန်း ၁၀၀၀ ဖြင့် သယ်ဆောင်လာခြင်းဖြစ်ပြီး သိရှိရပြီး Mr.F အား ဗဟန်းမြို့နယ်ရှိ နေအိမ်တွင် တွေ့ရှိဖမ်းဆီးရမိခဲ့ပါသည်။

၆၉။ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ ၁၂-၉-၂၀၂၁ ရက်နေ့တွင် သိမ်ဖြူနယ်မြေ ရဲစခန်း မယ(ပ)၉/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ အရ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။

၇၀။ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ Mr.A ပိုင်ဆိုင်သည့် PAJERO ယာဉ် ၁ စီးနှင့် Mr.A၊ Ms.B၊ Mr.C၊ Mr.D၊ Mr.F တို့၏ ဘဏ်ငွေစာရင်း ၆၉ ခုမှ လက်ကျန်ငွေကျပ် ၈၂၂ သိန်းကျော်၊ KBZ Pay ၆ ခုမှ လက်ကျန်ငွေကျပ် ၂၅ သိန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၁၀၀ တို့သည် မူးယစ်ဆေးဝါး ရောင်းဝယ်ရာမှ ရရှိသော အကျိုးအမြတ်ဖြင့် ပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၁၁-၁၀-၂၀၂၁ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲများ လွှဲပြောင်းပေးအပ်ထားရှိပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | ရွှေ့ပြောင်းလွယ်သော အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | မော်တော်ယာဉ်များ ဝယ်ယူခြင်း |
| ၂ | ဘဏ်အကောင့်များအသုံးပြု၍ တရားဝင်နှင့် တရားမဝင်ငွေကြေးများ ရောနှောကာ ငွေကြေး ခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် ပြည်တွင်းရှိဘဏ်များတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများကို တရားဝင်ငွေကြေးများနှင့် ရောနှောကာ ဘဏ်စာရင်းများ ဖွင့်လှစ်၍ လွှဲပြောင်း သုံးစွဲခြင်း |

**မှုခင်းဖြစ်စဉ်(၁၁)။ အမရပူရမြို့မရဲစခန်း (ပ)၁၈၃/၂၀၂၁၊ လက်နက်များ (ယာယီပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၁၉(က)**

၇၁။ ၄-၁၀-၂၀၂၁ ရက်နေ့ ၁၂၃၀ အချိန် အမှတ်(၂၅)မူးယစ်တပ်ဖွဲ့စု၊ တောင်ကြီးမှ Pol.Lt.A ဦးစီးအဖွဲ့သည် ရွာငံမြို့နယ်၊ ကျောက်ဂူပြင်ကျေးရွာအနီး အောင်ပန်း-ကျောက်ဆည်သွား ကားလမ်းတွင်

တောင်ကြီးမှ မန္တလေးဘက်သို့ Mr.A မောင်းနှင်လာသော NISSAN ဆီဘောက်ဆာယာဉ်ကို စစ်ဆေးရာ မသင်္ကာသဖြင့် ထိန်းချုပ်လိုက်ပါပြီး အမှတ်(၁)မူးယစ်တပ်ဖွဲ့ခွဲ၊ မန္တလေးနှင့် ချိတ်ဆက်၍ ၎င်းယာဉ်အား ဖွင့်ဖောက်စစ်ဆေးရာ ဆီဘောက်ဆာအံဝှက်အတွင်းမှ သေနတ်အရှည် ၂၂၀ လက်၊ ဗုံးသီးထိပ်ဖူး ၈၉ လုံး၊ ဒလက်ပါ ဗုံးသီးအရှည် ၈၉ လုံး၊ ကျည်အိမ် ၉၅၄ ခု၊ ကျည်မျိုးစုံ ၃၂၆၄၀ တောင့်၊ မြန်မာငွေကျပ် သိန်း ၅၀ တို့ကို သိမ်းဆည်းရမိခဲ့ပါသည်။

၇၂။ Mr.A ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများကို ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ထိန်နှစ်ပင်ကျေးရွာအုပ်စု၊ စည်ပင်သာယာတောင်ရွာလေးကျေးရွာနေ Mr.B မှ ငွေကျပ်သိန်း ၃၀ ဖြင့် သယ်ဆောင်ခိုင်းသဖြင့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့မှ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့သို့ မောင်းနှင်သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၇၃။ ထွက်ဆိုချက်အရ အမှတ်(၃)မူးယစ်တပ်ဖွဲ့ခွဲ၊ ရန်ကုန်မှ ပူးပေါင်းအဖွဲ့သည် Mr.B နေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ထိန်နှစ်ပင်ကျေးရွာအုပ်စု၊ စည်ပင်သာယာတောင်ရွာလေး ကျေးရွာရှိ နေအိမ်ကိုရှာဖွေရာ Mr.B အား HILUX VIGO ယာဉ် ၁ စီး၊ DAKOIA ယာဉ် ၁ စီး၊ NISSAN ယာဉ် ၁ စီး၊ HINO ယာဉ် ၁ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

၇၄။ Mr.B ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများကို ကျောက်တော်မြို့တွင် နေထိုင်သူ Mr.C ၏ ချိတ်ဆက်ပေးမှုဖြင့် ရှမ်းပြည်နယ်တွင် နေထိုင်သည်ဟု သိရသူ Mr.D ထံမှ သယ်ဆောင်ခ ငွေကျပ် သိန်း ၁၅၀ ဖြင့် သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၇၅။ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများနှင့် ပတ်သက်၍ ၇-၁၀-၂၀၂၁ ရက်နေ့တွင် အမရပူရ မြို့မရဲစခန်း (ပ)၁၈၃/၂၀၂၁၊ လက်နက်များ (ယာယီပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၁၉(က) အရ အမှုဖွင့်အရေးယူမှုဖြစ်ပါသည်။

၇၆။ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ Mr.A ပိုင်ဆိုင်သည့် ပြည်မြို့၊ ဆင်စုရပ်ကွက်၊ မိချောင်းရဲ နယ်မြေ၊ ချင်းစုရပ်ရှိ မြေအကျယ် ၈၀ x ၂၀ ပေရှိ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ နေအိမ် ၁ လုံး၊ Mr.B ပိုင်ဆိုင်သည့် ဗိုလ်တစ်ထောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၁၂၄)ရှိ မြေအကျယ် ၂၀ x ၆၀ ပေရှိ မြေကွက်နှင့် တစ်ထပ်တိုက် ၁ လုံး၊ NISSAN ၆ ဘီးယာဉ် ၂ စီး၊ DODGE ယာဉ် ၁ စီး၊ Toyota Hilux Vigo ယာဉ် ၁ စီးတို့အား ယာယီထိန်းသိမ်းထားရှိပြီး ဘဏ်စာရင်း ၁ ခု လက်ကျန်ငွေ ၁၇ သိန်းကျော်ကို မူးယစ်ဆေးဝါးရောင်းဝယ်ရာမှရရှိသော အကျိုးအမြတ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့်

အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၁၁-၁၁-၂၀၂၁ ရက်နေ့တွင် ငွေကြေးဆိုင်ရာမှုခင်းတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲများ လွှဲပြောင်းပေးအပ်ထားရှိပါသည်။

## အသုံးပြုသည့် နည်းပုံစံ

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တန်ဖိုးကြီးပိုင်ဆိုင်မှုများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် အိမ်၊ ခြံ၊ မြေများဝယ်ယူထားခြင်း |
| ၂ | ရွှေ့ပြောင်းလွယ်သော အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | မော်တော်ယာဉ်များဝယ်ယူခြင်း |
| ၃ | ဘဏ်အကောင့်များအသုံးပြု၍ တရားဝင်နှင့် တရားမဝင် ငွေကြေးများ ရောနှောကာ ငွေကြေး ခဝါချခြင်း | ၎င်းတို့၏အမည်များဖြင့် ပြည်တွင်းရှိဘဏ်များတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးများကို တရားဝင်ငွေကြေးများနှင့် ရောနှောကာ ဘဏ်စာရင်းများ ဖွင့်လှစ်၍ လွှဲပြောင်းသုံးစွဲခြင်း |

## လေ့လာတွေ့ရှိချက်

၇၇။ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိလာသည့် အကျိုးအမြတ်နှင့် ငွေကြေးတို့သည် အကြမ်းဖက်တိုက်ခိုက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုနှင့် အကျင့်ပျက်ခြစားမှု စသည့်နိုင်ငံဖြတ်ကျော်မှုခင်းများအား ဖြစ်ပေါ်စေလျက်ရှိပါသည်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် ကွင်းဆက်အဆင့်ဆင့်အား အချိန်နှင့်တစ်ပြေးညီဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက် ရှိသည့်အပြင် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် အကျိုးအမြတ် များအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါသည်။

၇၈။ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူများအနေဖြင့် ရရှိသည့်အကျိုးအမြတ်များအား ငွေကြေး ခဝါချမှုကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက တရားခံများ၏ ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုများကို ယာယီချိပ်ပိတ် ထိန်းသိမ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူ

နိုင်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြပြီး ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အမှုတွဲများ လွှဲပြောင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်တွင် အမှု ၂၉ မှု လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။

၇၉။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူနိုင်ရေး လွှဲပြောင်းပေးခဲ့သည့် အမှုများတွင် ပြစ်မှုကျူးလွန်သည့်တရားခံများအနေဖြင့် ၎င်းတို့၏ ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သော ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများ သိမ်းဆည်းမခံရစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ငွေကြေးခဝါချခြင်းများကို ပြုလုပ်ခဲ့ကြပြီး ပြစ်မှုကျူးလွန်ပုံနည်းလမ်းအများဆုံးမှာ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ရာမှ ရရှိသည့်အကျိုးအမြတ်များကို ၎င်းတို့၏ အမည်များ၊ ဇနီး၊ သားသမီးများနှင့် ဆွေမျိုးတို့၏အမည်များဖြင့် အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းများ ဝယ်ယူကြခြင်းဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ ၎င်းအပြင် ဘဏ်အကောင့်များ အသုံးပြုရန် တရားဝင်ငွေကြေးများနှင့် ရောနှောလွှဲပြောင်း သုံးစွဲခြင်း၊ ရွှေထည်လက်ဝတ်ရတနာများ ဝယ်ယူထားခြင်း၊ ကုမ္ပဏီများထူထောင်ခြင်း၊ လုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူခြင်းနှင့် မော်တော်ယာဉ် ဝယ်ယူခြင်းတို့ဖြင့်လည်း ငွေကြေးခဝါချမှုကျူးလွန် ထားကြသည်ကို လေ့လာတွေ့ရှိရပါသည်။

## သုံးသပ်တင်ပြချက်

၈၀။ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူ/ကွန်ရက်/ဂိုဏ်းအဖွဲ့များသည် မူးယစ် ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် အကျိုးအမြတ်များအား သိမ်းဆည်းခြင်း မခံရစေရေးအတွက် သယ်ဆောင်ရောင်းဝယ်ရာမှစ၍ နည်းလမ်းမျိုးစုံဖြင့် ကွင်းဆက်များ အဆင့်ဆင့် ပြုလုပ်ကာ ၎င်းတို့၏ကျူးလွန်မှုများနှင့် ပိုင်ဆိုင်မှုများ မပေါ်ပေါက်စေရန် ကြိုတင်အကွက်ချစီစဉ် ဆောင်ရွက်ခြင်း၊ အိမ်၊ ခြံ၊ မြေ၊ ရွှေထည်ပစ္စည်းများ အပါအဝင် ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား အခြားအမည်များဖြင့် ပိုင်ဆိုင်မှုများ ပြုလုပ်ခြင်းနှင့် ငှားရမ်းသုံးစွဲခြင်း၊ ၎င်းတို့၏ ပိုင်ဆိုင်မှုများအား စိစစ်နိုင်မှု မရှိစေရေးအတွက် အုပ်ချုပ်မှုအလှမ်းကွာဝေးသောနေရာများတွင် နေထိုင်ခြင်းနှင့် ယခင်ဖမ်းဆီး သိမ်းဆည်းခြင်းခံရသည့် ဖြစ်စဉ်များကို နမူနာယူ၍ ဥပဒေအရ ရှောင်တိမ်းနိုင်သည့် နည်းလမ်းများဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်လာကြခြင်းစသည့် ငွေကြေးခဝါချမှု နည်းလမ်းမျိုးစုံဖြင့် ကျူးလွန်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

## နိဂုံး

၈၁။ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ သိုလှောင်ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်းနှင့် ဆက်စပ်ပေါ်ပေါက်လာသည့် မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသား အားလုံးကို အန္တရာယ်ပြုလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိကြပါသည်။ မူးယစ်ဆေးဝါး

အန္တရာယ်ကို နေ့ချင်း၊ ညချင်း ပပျောက်သွားစေရန် ဆောင်ရွက်ရသည်မှာ အလွန်ခက်ခဲသော လုပ်ငန်း တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအားလုံးအသိပင် ဖြစ်ပါသည်။

၈၂။ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာ၌ နိုင်ငံများ၏ နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်ပိုင်ဆိုင်မှု၊ တည်နေရာနှင့် ပထဝီမြေအနေအထားတို့ အပေါ်တွင်အခြေခံပြီး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေကြပါသည်။ မူးယစ်ဆေးဝါးသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးတွင် ထိုးဖောက်ဝင်ရောက်ပြီး လူမှုဘဝနှင့် အသိုက်အဝန်းကို ဖန်တီးနေဆဲဖြစ်သည့်အပြင် ငွေကြေးအမြောက်အမြား ရရှိခြင်းသည် အဓိကအကြောင်းအချက်တစ်ခု ဖြစ်ပါသည်။

၈၃။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးများထွက်ရှိသည့် ရွှေတြိဂံဒေသတွင်ပါဝင်သည့်အပြင် ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ငွေကြေးအကျိုးအမြတ် ပိုမိုရရှိသည့် မူးယစ်ဆေးဝါး ထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှုများ ပိုမိုလုပ်ကိုင်လာကြသည်ကို ဖမ်းဆီးရမိမှု ဖြစ်စဉ်များအရ တွေ့ရှိရပါသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် မူးယစ်ဆေးဝါးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်သူများ၏ ပိုင်ဆိုင်မှုများပါ တစ်ပြိုင်တည်းစိစစ်၍ ယာယီထိန်းသိမ်းပြီး ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ လွှဲပြောင်းဆောင်ရွက်လျက်ရှိပါသည်။ မူးယစ် ဆေးဝါး ပြစ်မှုကျူးလွန်သူများ၏ မူးယစ်ဆေးဝါး သို့ဝှက်သယ်ဆောင်ပုံနည်းလမ်းများနှင့် ငွေကြေး ခဝါချမှု နည်းပုံစံများအား စဉ်ဆက်မပြတ် သိရှိဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့